INDORAMA VENTURES

# Indorama Ventures
# အများပိုင် ကုမ္ပဏီ လီမိတက်

## ညာဏ်စွမ်းဖြင့် ဖန်တီးမှုများ ဆိုင်ရာ မူဝါဒ

*(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့သော*
*ဒါရိုက်တာများဘုတ်အဖွဲ့ အစည်းအဝေး အမှတ် ၂/၂၀၁၃ အတည်ပြုချက်အရ)*

မှတ်ချက်
ဤမူဝါဒတွင် ပါဝင်သော အကြောင်းအရာများသည် ပြည်နယ်အတွင်း တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းမှုများရှိပါက အဆိုပါတည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသာ အတည်ဖြစ်သည်။

# ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများ ဆိုင်ရာ မူဝါဒ

Indorama Ventures သည် ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများ ပြုလုပ်သူ၊ ပိုင်ဆိုင်ထားသူလည်းဖြစ်ပြီး အခြားသူများ၏ ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများဆိုင်ရာ ရပိုင်ခွင့်(IPR)ကို လေးစားခြင်းကို ကော်ပိုရိတ် မူဝါဒတွင် ထည့်သွင်းရေးဆွဲထားသကဲ့သို့ ကျွန်ုပ်တို့၏ ရပိုင်ခွင့်ကိုလည်း ပြန်လည်လေးစားရန် လိုလားပါသည်။ ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများသည် ယေဘုယျအားဖြင့် ကူးယူမှုတားမြစ်ခွင့်၊ မူပိုင်ခွင့်၊ ကုန်သွယ်အမှတ်အသား၊ ကုန်သွယ်ရေးလျှို့ဝှက်ချက်များ စသည့်ပုံစံတို့ ဖြစ်နိုင်ပါသည်။ World Intellectual Property Organization၏ အဆိုအရ တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် "စိတ်၏ ဖန်တီးပုံဖော်မှုများ" ဖြစ်ပါသည်။ ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများတွင် တီထွင်မှုများ၊ ဖန်တီးမှုများ၊ ဆန်းသစ်ပြောင်းလဲခြင်းများ၊ ရှာဖွေတွေ့ရှိမှုများနှင့် ကုမ္ပဏီများ၏ တိုးတက်မှု ပြုလုပ်နိုင်ခြင်းများ၊ တိုးတက်မှုရရှိခြင်းများ၊ ရယူထားခြင်းများအပါအဝင် ၎င်းတို့၏ မူပိုင်ခွင့်များ၊ ကူးယူမှုတားမြစ်ခွင့်များ၊ ကုန်သွယ် အမှတ်အသားများ၊ ကုန်သွယ်ရေး လျှို့ဝှက်ချက်များနှင့် သက်ဆိုင်သော လျှို့ဝှက်စီးပွားရေး သတင်းအချက်အလက်များ ပါဝင်ပါသည်။

ကျွန်ုပ်တို့၏ ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများ မူဝါဒသည် ထိုဖန်တီးမှုများနှင့် ပက်သက်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လေ့လာရန်၊ ဉာဏ်စွမ်းဖြင့် ပြုလုပ်သော လုပ်ရှားမှုများ၏ ရလဒ်များကို ရပိုင်ခွင့်များနှင့် အညီ ထိန်းသိမ်းရန်၊ အဆိုပါ ရပိုင်ခွင့်များကို အပြည့်အဝ အသုံးချရန်၊ တတိယပါတီများ၏ တရားဥပဒေနှင့် ညီသော ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများဆိုင်ရာ ရပိုင်ခွင့်များကို အလေးထားရန်တို့ ဖြစ်ပါသည်။ ကျွန်ုပ်တို့တွင် ကျွန်ုပ်တို့၏ ကုန်သွယ်အမှတ်အသားများနှင့် အမှတ်တံဆိပ်များကို ကာကွယ်ရန် မှတ်ပုံတင်သည့် စနစ်ရှိပါသည်။ ကျွန်ုပ်တို့ ဝယ်ယူထားသော သို့မဟုတ် ငှားရမ်းထားသော ဟာ့ဒ်ဝဲ သို့မဟုတ် ဆော့ဖ်ဝဲများကို အသုံးပြုခြင်းဖြင့် တတိယ ပါတီများ၏ IPR ကိုသိလျက်နှင့် ငြိစွန်းစေမည် မဟုတ်ပါ။

**ဆော့ဖ်ဝဲများ အသုံးပြုခြင်း**

ကော်ပိုရိတ် ဆော့ဖ်ဝဲများအသုံးပြုရာတွင် ကုမ္ပဏီအနေဖြင့် တရားဝင်အသုံးပြုခွင့်ရရန် တရားဝင်သော ထုတ်လုပ်သူထံမှ ဝယ်ယူအသုံးပြုပါမည်။

လိုင်စင်ရယူထားသောဆော့ဖ်ဝဲများကို လိုင်စင်တွင်ပါသော သဘောတူညီချက်များနှင့်အညီ အသုံးပြုရန်မှာ ကျွန်ုပ်တို့ကုမ္ပဏီ၏ မူဝါဒဖြစ်သည်။ ထိုလိုင်စင်သဘောတူညီချက်များကို ချိုးဖောက်ခြင်းသည် တရားမဝင်သော လုပ်ရပ်ဖြစ်ပြီး ကုမ္ပဏီ၏ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကာ များပြားသော ငွေကြေးပြစ်ဒဏ်များ ကျခံရပါမည်။ ထို့ကြောင့် ကုမ္ပဏီ၏ ဝန်ထမ်းများသည် အောက်ဖော်ပြပါများကို IT ဌာနခေါင်းဆောင်၏ ခွင့်ပြုချက် မပါဘဲ မပြုလုပ်ရ။

- ကုမ္ပဏီပိုင် မဟုတ်သော ကွန်ပျူတာတွင် ကုမ္ပဏီ ဆော့ဖ်ဝဲ ထည့်သွင်းခြင်း;
- မည်သည့်အကြောင်းပြချက်မှ မရှိပဲ မည်သည့် ကုမ္ပဏီပိုင် ဆော့ဖ်ဝဲကိုမဆို ကူးယူခြင်း;
- ကုမ္ပဏီပိုင် မည်သည့်ကွန်ပျူတာတွင်မဆို ဆော့ဖ်ဝဲများ ထည့်သွင်းခြင်း;

ဤမူဝါဒနှင့်အညီ လိုက်နာကြောင်းသေချာစေရန် ကုမ္ပဏီပိုင် ကွန်ပျူတာများကို ကုမ္ပဏီသည် မည်သည့် အချိန်တွင်မဆို စစ်ဆေးမှုပြုနိုင်သည်။ ကုမ္ပဏီအတွင်း ဆော့ဖ်ဝဲများ၊ သက်ဆိုင်ရာ စာရွက်စာတမ်းများ မှားယွင်းအသုံးချသော ဝန်ထမ်းများတွေ့ရှိပါက ၎င်းတို့၏ ဌာနဆိုင်ရာ မန်နေဂျာများကို အကြောင်းကြားပါမည်။

## ကုမ္ပဏီ၏ ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများနှင့် ကုန်သွယ် လျှို့ဝှက်ချက်များ

ကုမ္ပဏီ၏ အထွေထွေမူဝါဒသည် "ငှားရမ်းမှုအတွက် ပြုလုပ်သော အလုပ်" မဟုတ်ပဲ အလုပ်တစ်ခုကို ကိုယ်တိုင်သီးသန့် ဖန်တီးသူသည်သာ ဖန်တီးသူဖြစ်သည်။ "ငှားရမ်းမှုအတွက် ပြုလုပ်သော အလုပ်" ဆိုသည်မှာ ဝန်ထမ်းတစ်ဦးမှ သူ့အားခန့်အပ်ထားသော နယ်ပယ်နှင့် ပက်သက်၍ ပြင်ဆင်ထားသော အလုပ်၊ သီးသန့်မှာယူထားသော အလုပ်၊ စုပေါင်းလုပ်ဆောင်နေသော အလုပ်တွင် ကော်မရှင်ယူ၍ ပါဝင်လုပ်ဆောင် ထားသော အလုပ်တို့ကို ဆိုလိုပါသည်။ ကုမ္ပဏီသည် ဝန်ထမ်းများကို ခန့်အပ်၍ အလုပ်လုပ်ရန် အခကြေးငွေ ပေးထားခြင်းဖြစ်ပြီး အချို့အလုပ်များတွင် တည်ထောင်ထားသည်ဖြစ်စေ တည်ထောင်ထားခြင်းမရှိသည်ဖြစ်စေ ထုတ်ကုန်များ၊ စနစ်များ ဖန်တီးရန်နှင့် တိုးတက်မှုပြုရန် ပါဝင်ပါသည်။

ထို့ကြောင့် ကုမ္ပဏီသည် ဝန်ထမ်းများ ဖန်တီးထားသည့် ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများအားလုံး၏ ပိုင်ရှင်ဖြစ်ပြီး ထိုဝန်ထမ်းများ ကုမ္ပဏီမှ နုတ်ထွက်သွားသည့်တိုင် ဖန်တီးမှုများသည် ကုမ္ပဏီပိုင်ဆိုင်မှုအဖြစ် ဆက်လက် တည်ရှိပါမည်။

ကုန်သွယ် လျှို့ဝှက်ချက်များသည် ကျွန်ုပ်တို့၏ ဉာဏ်စွမ်းဖြင့်ဖန်တီးမှု ပိုင်ဆိုင်မှုတစ်စိတ်တစ်ပိုင်းဖြစ်ပြီး အကောင်အထည်ပြနိုင်သလို အကောင်အထည်မပြနိုင်ခြင်းလည်းရှိနိုင်သည်၊ ဥပမာ။ ။ အလုပ်သမားများ စွမ်းဆောင်ရည်မြှင့်တင်ရန် နည်းဗျူဟာ။ လက်ရှိဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများအားလုံး ကျွန်ုပ်တို့၏ ကုန်သွယ်လျှို့ဝှက်ချက်များကို ထိန်းသိမ်းပေးရန် မျှော်လင့်ပါသည်။

အကယ်၍ ပိုင်ဆိုင်မှုနှင့် ရပိုင်ခွင့်များကို တိတိကျကျ သတ်မှတ်ထားသော စာဖြင့်ရေးသားထားသည့် သဘောတူညီချက် မပြုလုပ်ထားလျှင် အကျိုးဆောင် သို့မဟုတ် လွတ်လပ်သော ကန်ထရိုက်တာမှ ဆောင်ရွက် သည့် တာဝန်ပေးထားသောအလုပ်၏ ဉာဏ်စွမ်းဖြင့် ဖန်တီးမှု ရပိုင်ခွင့်ကို ကုမ္ပဏီသည် မပိုင်ဆိုင်ပါ။

**သတင်းအချက်အလက် လျှို့ဝှက်ခြင်း**

ကုမ္ပဏီနှင့် ပက်သက်သော ပါတီအားလုံးသည် ကျွန်ုပ်တို့၏ ကုန်သွယ်ရေး လျှို့ဝှက်ချက်များ အပါအဝင် ဉာဏ်စွမ်းဖြင့် ဖန်တီးမှုများ၏ လျှို့ဝှက်မှုကို လေးစားရမည်။

ကျွန်ုပ်တို့အနေဖြင့် တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့၏ သတင်းအချက်အလက်များ လွဲမှားစွာ အသုံးပြုခြင်း၊ ပိုင်ဆိုင်မှုများနှင့် ကုန်သွယ်ရေး လျှို့ဝှက်ချက်များကို အကျိုးအမြတ်ရှာဖွေရန် အသုံးပြုနေသည်ဟု ယုံကြည်ပါက ကျွန်ုပ်တို့၏ ရပိုင်ခွင့်များကို ကျင့်သုံးရန် ဥပဒေရေးရာ အရေးယူမှုများ ပြုလုပ်ခွင့်ရှိပါသည်။